ကုလားမတောင်ကျေးရွာ

မနောသျှမ ကျေးရွာအုပ်စု၊ ပုသိမ်ကြီး မြို့နယ်

မန္တလေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကုလားမတောင် ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုသိမ်ကြီးမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

စက်တင်ဘာလ၊ ၂၀၁၈

## **မာတိကာ**


မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

**(င) ပညာရေး**

**(စ) ကျန်းမာရေး**

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

(**ဇ**) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

ကုလားမတောင်ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မနော်ယျမကျေးရွာအုပ်စု၊ ပုသိမ်ကြီးမြို့၏အနောက်မြောက်ဘက်၊ မန္တလေး-မတ္တရာ ဆက်သွယ်ဖောက်လုပ်ထားသော ကားလမ်းမကြီးဘေးတွင် တည်ရှိသည်။ ကုလားမတောင်ကျေးရွာသည် မြောက်လတ္တီကျူ (၂၁° ၅၅ ′) နှင့် အရှေ့လောင်ဂျီကျူ ( ၉၆ ° ၁၀ ′) ကြားတွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် (၂၄၅)ပေတွင် တည်ရှိပါသည်။ ကုလားမတောင်ကျေးရွာ၏ မြေမျက်နှာသွင်ပြင်မှာ ညီညာပြန့်ပြူးသော မြေပြန့်အနေအထားဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကုလားမတောင်ကျေးရွာသည် နှစ်စဉ်ဒီဇင်ဘာလအထိ ပျှမ်းမျှ မိုးရွာရက်(၆၂)ရက်ရှိပြီး ပျှမ်းမျှ မိုးရေ ချိန် (၅၇)လက်မရှိပါသည်။ နှစ်စဉ်အနိမ့်ဆုံးအပူချိန် ၂၅°C မှ အမြင့်ဆုံးအပူချိန် ၃၈°C အထိ ရှိပါသည်။ စပါး စိုက်ပျိုးနိုင်သော လယ်(၈၀)ဧက ရှိပြီး နွေစပါးနှင့် မိုးစပါး နှစ်သီးစိုက်ပျိုးနိုင်ပါသည်။ စိုက်ပျိုးရေးလုပ်ကိုင်ရန်အတွက် ဆည်ရေကို အဓိကအသုံးပြုပါသည်။

## ၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်း ကိစ္စများတွင် ဝိုင်းဝန်ဆောင်ရွက်ကြပါသည်။ အမျိုးသမီး/သားလူငယ်အဖွဲ့၊ ပရဟိတ**အဖွဲ့**၊ ဘာသာရေးအဖွဲ့၊ **ရပ်မိရပ်ဖ အဖွဲ့**၊ လျှပ်စစ်မီးကောက်ခံရေးအဖွဲ့ တို့ဖြစ်သည်။ ကျေးရွာတွင် သာရေး၊ နာရေး၊ လူမှုရေး ကိစ္စကြီးငယ် ပေါ်ပေါက်လျှင် ရွာသားများစည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သောအလေ့အကျင့်ကောင်းများ ရှိပါသည်။ ခြုံငုံ၍သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများနှင့် ကျေးရွာဖွံ့ဖြိုးရေးကိစ္စများ ဆောင်ရွက်ရန် မိရိုးဖလာ ဖွဲ့စည်းထားသော အဖွဲ့အစည်းများက အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည် ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ်မရှိပါ။

### (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ကျေးရွာတွင် စပါးစိုက်ပျိုးမြေ(၈၀) ဧကရှိပြီး၊ နှစ်စဉ် ကျေးရွာမှ မိုးစပါး တင်းရေ(၈၀၀၀)နှင့် နွေစပါးတင်းရေ(၆၃၀၀) ခန့်ထွက်ရှိသည်။ စပါးစိုက်ပျိုးရာတွင် ကြဲပက်စံနစ်ဖြင့် စိုက်ပျိုးလေ့ရှိပါသည်။ နွေစပါးကို **တန်ခူးလမှာ စိုက်ပျိုး၍ ဝါဆိုလတွင် ရိတ်သိမ်းကြပါသည်။** နွေစပါးအထွက်နှုန်းမှာ သွင်းအားစုပြည့်စုံစွာထည့်သွင်းပါ

(၁၂၀)တင်းဖြစ်ပါသည်။ **မိုးစပါးကို တော်သလင်းလတွင်စိုက်ပျိုး၍ နတ်တော်လတွင် ရိတ်သိမ်း ပါ သည်။** မိုးစပါးအထွက်နှုန်းမှာ တစ်ကေပျမ်းမျှ (၁၀၀)တင်း ဖြစ်သည်။ အခြားသီးနှံအဖြစ် နှမ်းစိုက်ပျိုး ပါသည်။ နှမ်းအထွက်နှုန်းမှာ တစ်ကေလျှင် ပျမ်းမျှ(၁၀)တင်း ထွက်ရှိပြီး တစ်ကေ အများဆုံးအထွက် နှုန်း (၁၀)တင်းမှ အနည်းဆုံး(၈)တင်းရှိပါသည်။

စပါးနှင့် နှမ်းရောင်းချမှုမှာ ဈေးကောင်းမရသောကြောင့် လယ်သမားများ အကျိုးအမြတ်ရရှိမှု အသင့်အတင့်သာ ရှိပါသည်။ မိရိုးဖလာစိုက်ပျိုးလာသော စပါးကိုသာ စိုက်ပျိုးနိုင်ကြပြီး အခြားဈေး ကွက်ဝင်သီးနှံ ရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။ သီးနှံထုတ်လုပ်မှုမှ ဝင်ငွေနည်းသည့်အတွက် လူငယ် များသည် ကျေးရွာပြင်ပသို့ ထွက်၍ဝင်ငွေရှာကြရပါသည်။ အကျိုးဆက်အနေဖြင့် သီးနှံ ထုတ်လုပ်မှုတွင် လုပ်သား ရှားပါးလာပါသည်။

ဆည်မြောင်းရေရရှိခြင်းသည် သီးထပ်စိုက်ပျိုးထုတ်လုပ်ရန် အခွင့်အလမ်းကောင်း တစ်ခုဖြစ် သည်။ သို့သော် သီးနှံထုတ်ကုန်များအတွက် ဈေးကွက်အချိတ်အဆက်နှင့် ရောင်းချရေးစနစ်များ ဖွံ့ဖြိုး ရေး အတွက် ကျေးရွာလူထုက စွမ်းဆောင်နိုင်ခြင်းမရှိပါ။

အခြားသား ငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့် ကျေးရွာမှ အိမ်ထောင်စုများသည် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ကိုင်မှု လုံးဝမရှိသည်ကိုတွေ့ရှိရပါသည်။

မွေးမြူရေးကဏ္ဍအနေဖြင့် ကျေးရွာတွင် ဆိတ်နှင့်သိုးကို အဓိကမွေးမြူကြပြီး ဆိတ်အကောင် ရေ (၂၀၀)၊ သိုးအကောင်ရေ (၁၀၀)မွေးမြူထားသည်ကို တွေ့ရှိရပါသည်။ အခြားတိရစ္ဆာန်များအနေဖြင့် ဝက်အကောင်ရေ(၂၀)၊ နွားအကောင်ရေ(၂၀)၊ နို့စားနွား(၅)ကောင်နှင့် ကျွဲ(၈)ကောင် မွေးမြူထားပါ သည်။

### (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

**ကျေးရွာတွင်အိမ်ထောင်စု ၅၀%ခန့်သည် ကိုယ်ပိုင်ရေတွင်းများသုံးစွဲနိုင်ကြသည်။ ကျေးရွာတွင် ကျေးရွာသားများအားလုံးသည် သန့်ရှင်းသောသောက်သုံးရေသုံးစွဲနိုင်ရန် ကိုယ်ပိုင် ရေတွင်းများမှရေ နှင့်သောက်ရေသန့်ဘူး ကို အသုံးပြုကြပါသည်။ သောက်ရေသန့်ဘူးဝယ်ယူသုံးစွဲခြင်း အတွက် တစ်လ လျှင် (၇၀၀၀)ကျပ်ခန့် ငွေကြေးကုန်ကျမှုရှိပါသည်။**

**ကျေးရွာတွင် မူလတန်းကျောင်းရှိပါသည်။ ကျေးရွာရှိ မူလတန်း ကျောင်းတွင် ကျောင်းသားဦးရေ-၈၉ဦးနှင့် ကျောင်းသူဦးရေ-၇၅ဦး စုစုပေါင်း ကျောင်းသား/သူဦးရေ-၁၆၄ဦး ပညာ သင်ကြားနေကြပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးရွာဆေးပေးခန်းတွင် သွားရောက် ကုသနိုင်ပါသည်။**

ယခုအခါ ကျေးရွာအိမ်ထောင်စုများ လျှပ်စစ်မီးရရှိနေသည့်အတွက် အိမ်ရှင်မအနေဖြင့်လည်း ယခင်လို ထင်းနှင့် မီးသွေးအသုံးပြုစရာမလိုဘဲ ထမင်း၊ ဟင်းချက်ပြုတ်ခြင်း၊ အဝတ်လျှော်၊ မီးပူတိုက်

ခြင်းများ လွယ်ကူစွာ ပြုလုပ်နိုင်ပြီဖြစ်ပါသည်။ **လျှပ်စစ်ဓါတ်အားသုံး စက်မှု၊လက်မှုလုပ်ငန်းများ အဆင်ပြေစွာ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။**

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

**ငွေကြေးရေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျင်(၁၅၀၀၀၀) ကျပ်နှုန်းဖြင့် ငွေထုတ်ချေးပါသည်။ တောင်သူလယ်သမားများသာမကဘဲ အခြားအသေးစား စီးပွားရေး လုပ်ငန်းများ ထူထောင်ရန် (ဥပမာ - တစ်နိုင်တစ်ပိုင်မွေးမြူရေး၊ အရောင်းအဝယ်) ချေးငွေဝန်ဆောင်မှုများ လိုအပ်ပါသည်။**

**(င) ပညာရေး**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများ လည်းရှိပါသည်။ ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်း ရှိသောကြောင့် ရွာရှိကလေးများ မိမိရွာတွင်သာ အေးအေးဆေးဆေးပညာသင်ကြားနိုင်ပါသည်။ စာသင်ကျောင်းတွင် ဆရာ/ဆရာမ လုံလောက်မှုရှိသော်လည်း စာသင်ကျောင်းဆောင်မှာ လုံလောက်မှုမရှိသောကြောင့် အဆင့်မြှင့်တင်ရန်လိုအပ်ပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာ နိမ့်ကျဆဲဖြစ်ပြီး ၄င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များ မရှိပါ။

**(စ) ကျန်းမာရေး**

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတတ်ပြီး လူငယ်၊ လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ စပါး စိုက်ပျိုးထွက်ရှိခြင်း၊ အလုပ်အကိုင်အထိုက်အလျောက် အဆင်ပြေခြင်း၊ မိသားစုများဝမ်းစာအတွက် နေ့စဉ်ဝင်ငွေ အသင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေးသူငယ်များ အပါအဝင် ယေဘုယျအားဖြင့် အာဟာရခေတ်ချို့တဲ့မှုမရှိကြပါ။ အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ကို ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဆေးပေးခန်း မှရရှိကြသည်။ ဆေးပေးခန်းတွင် ကျန်းမာရေး ဝန်ထမ်း (၂)ဦးရှိပြီး အခြေခံကျန်းမာရေးစောင့်ရှောက်ခြင်း ဝန်ဆောင်မှုများရရှိကြပါသည်။ ကလေးသူငယ်များ အတွက် ကျန်းမာရေးကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေးဌာနမှ နှစ်စဉ်ဆောင်ရွက်ပေးပါသည်။

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**ကျေးရွာမှလယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း၊ ဓါတုဗေဒကွန်ပေါင်းမြေသြဇာများ အသုံးပြုသော်လည်း သဘာဝသစ်ဆွေးမြေသြဇာများ အတတ်နိုင်ဆုံးထည့်သွင်းခြင်းတို့ကြောင့် မြေဆီလွှာပျက်ယွင်းမှုမရှိသလောက်ဖြစ်ပါသည်။ ပိုးသတ်ဆေးများအသုံးပြုရာတွင် ဓါတ်ကြွင်းအန္တရာယ်လျော့ပါးရေးအတွက်၊ ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းတွင်အားနည်းသေးကြောင်း တွေ့ရှိရပါသည်။**

**(ဇ) ကျား – မ ရေးရာ**

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ကောက်စိုက်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်း စသည့် လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှု ပွဲတော်များတွင် (ရှင်ပြုအလှူပွဲများ ကျင်းပခြင်း၊ ဘုန်းတော်ကြီးကျောင်းဆရာတော်၏ ဦးဆောင်မှုဖြင့် တရားပွဲများ ကျင်းပခြင်း) အမျိုးသမီးများသည် အမျိုးသားနှင့် အတူပူးပေါင်းဆောင်ရွက်ကြသည်။ လယ်ယာ လုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံ ခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း တွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူအခွင့်အရေး ရှိပါသည်။

## ၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ကျေးရွာတွင်းလမ်းများကွန်ကရစ်လမ်းခင်းခြင်း | ၁ |
| ၂ | အခြေခံအဆောက်အဦ | ရွာလယ်ရေနုတ်မြောင်းဖော်ခြင်း | ၂ |
| ၃ | ပညာရေး | စာသင်ကျောင်းဆောင် အဆင့်မြှင့်တင်ခြင်း | ၃ |
| ၄ | အခြေခံအဆောက်အဦ | အမှိုက်ကားဝယ်ယူခြင်း | ၄ |
| ၅ | အခြေခံအဆောက်အဦ | ဘုန်းကြီးကျောင်းဆောင်အသစ်ဆောက်လုပ်ခြင်း | ၅ |
| ၆ | အခြေခံအဆောက်အဦ | ကျေးရွာအပြင်ရှိ ရေဆိုးမြောင်းပြုပြင်ခြင်း | ၆ |
| ၇ | အခြေခံအဆောက်အဦ | ရွာလယ်ဓမ္မာရုံပြုပြင်ခြင်း | ၇ |

**နောက်ဆက်တွဲ (၁)**

**ဖွံ့ဖြိုးရေးဗျူဟာ ဇယား**

| **ပြဿနာ** | **ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်** | **ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/ အခြေအနေကောင်းများ** | **ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ** | **ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ** | **ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း** |
|---|---|---|---|---|---|
| **ကဏ္ဍ - အခြေခံအဆောက်အဦ** | | | | | |
| ရွာတွင်းလမ်း မကောင်း ခြင်း။ | လမ်းတွင်ချိုင့်ခွက်များရှိနေခြင်း၊ မိုးရာသီတွင် ရေဝပ်ခြင်း၊ လမ်းဘေးအိမ်များ ရေဝင်ခြင်း။ | နဂိုလမ်းမှာ ကျောက်အမာခံ ရှိခြင်း၊ ကျေးရွာသူ/သားများမှ လုပ်အားပေးလိုစိတ် ရှိခြင်း။ | လမ်းပြုပြင်ရန် ငွေကြေးမပြည့်စုံခြင်း။ | နိုင်ငံတော်မှ ရွာတွင်းလမ်းအတွက် ငွေကြေးထောက်ပံ့ခြင်း။ | ကျေးရွာတွင်းလမ်း များ ကွန်ကရစ်လမ်း ခင်းခြင်း။ |
| ကျေးရွာအတွင်း ရေစီးရေလာ မကောင်းခြင်း | ရေမြောင်းများပိတ်နေခြင်း၊ မိုးရာသီတွင် အိမ်များအတွင်း ရေဝင်ခြင်း။ | ကျေးရွာသူ/သားများမှ လုပ်အားပေးလိုစိတ် ရှိခြင်း။ | မြေနေရာအခက်အခဲ ရှိခြင်း၊ ကျေးရွာမှငွေကြေး မတတ်နိုင်ခြင်း။ | ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | ရွာလယ်ရေနုတ်မြောင်းဖော်ခြင်း၊ ရွာအပြင်ရှိ ရေဆိုးမြောင်းအား ပြုပြင်ခြင်း။ |
| အမှိုက်စွန့်ပစ်ရန် နေရာ | အမှိုက် စနစ်တကျ မစွန့်ပစ်သဖြင့် | ကျေးရွာမှ လှူဒါန်းငွေ ထည့်ဝင်နိုင်ခြင်း | အမှိုက်ကားဝယ်ယူရန် ငွေကြေးလုံလောက်မှု | ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက် | အမှိုက်ကား ဝယ်ယူခြင်း။ |

| | | | | | |
|---|---|---|---|---|---|
| အခက်အခဲ ရှိခြင်း | အနံ့အသက်ဆိုးများ ကြောင့်ကျန်းမာရေး ပြဿနာများဖြစ်နိုင် ခြင်း | | မရှိခြင်း | ခြင်း။ | |
| ဘာသာရေး ဆိုင်ရာ အခြေခံ အဆောက် အဦများ ပြုပြင်ရန် လိုအပ် ခြင်း | ဘုန်းကြီးကျောင်း ဆောင်မှာအသား ကျောင်းဆောင်ဖြစ် သည့်အတွက် ဟောင်းနွမ်း ဆွေးမြေ့နေခြင်း၊ ရွာလယ်ဓမ္မာရုံမှာ အရွယ်အစား သေးငယ်၍ ရပ်ရွာ အစည်းအဝေးများ ဆောင်ရွက်ရာတွင် အခက်အခဲရှိခြင်း။ | မြေနေရာရရှိနိုင်ခြင်း၊ ရပ်ရွာမှ လုပ်အားပါဝင် လှူဒါန်းနိုင်ခြင်း။ | ကျေးရွာမှ ငွေကြေး မတတ်နိုင်ခြင်း။ | ဌာနဆိုင်ရာများ၊ ဘာသာရေးအဖွဲ့အစည်း များနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း။ | ဘုန်းကြီးကျောင်း ဆောင်အသစ် ဆောက်လုပ်ခြင်း၊ ရွာလယ်ဓမ္မာရုံ ပြုပြင်ခြင်း။ |
| **ကဏ္ဍ - ပညာရေး** | | | | | |
| စာသင်ရန် နေရာအခက် အခဲ ရှိလာ ခြင်း | ကျောင်းသားဦးရေ တိုးပွားလာခြင်း၊ စာသင်ကျောင်းဆော င် (၁)ဆောင်သာရှိခြင်း။ | အသစ်ဆောက်ရန် မလို အပ်ပဲ လက်ရှိတစ်ထပ် ကျောင်းဆောင်အား (၂)ထပ်ကျောင်းဆောင် အဖြစ် အဆင့်မြှင့်တင် | ပညာရေးရန်ပုံငွေ မရရှိခြင်း။ | ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း။ | စာသင်ကျောင်းဆောင် အဆင့်မြှင့်တင်ခြင်း |

| | | | | | |
|---|---|---|---|---|---|
| | | နိုင်ခြင်း | | | |

ကျေးရွာတွင် အဓိကလိုအပ်ချက်အဖြစ် အခြေခံအဆောက်အဦများတိုးတက်ရန် လိုအပ်လျက်ရှိပါသည်။ ကျေးရွာတွင်းလမ်းများ ကောင်းမွန်လာခြင်းဖြင့် ကျေးရွာမှသီးနှံထွက်ကုန်များ အလွယ်တကူဈေးကွက်သို့ ဖြန့်ဖြူးနိုင်မည်ဖြစ်ပြီး၊ ပညာရေး၊ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်စွာ သွားလာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ စွန့်ပစ်အညစ်အကြေးများအား စနစ်တကျ စီမံခန့်ခွဲပေးခြင်းဖြင့် ကျေးရွာစည်ပင်သာယာပြီး ရောဂါဘယများကင်းဝေးကာ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်မည်ဖြစ်ပါသည်။ရေမြောင်းများရေစီးရေလာ ကောင်းမွန်အောင်ဆောင်ရွက်ပေးခြင်းအားဖြင့် ရေဝပ်ခြင်း၊ ခြင်ပေါက်ပွားခြင်းနှင့် အနံ့အသက်ဆိုးများထွက်ရှိခြင်းမှ ကာကွယ်နိုင်ပြီးခြင်နှင့် ပတ်သက်သည့်ရောဂါများဖြစ်ပွားခြင်းမှလည်း ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ဘာသာရေးအဆောက်အဦများ ပြုပြင်ပေးခြင်းအားဖြင့် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်ပြီး ဘာသာရေးအကျိုးပြုလုပ်ငန်းများ တိုးတက်လာနိုင်မည်ဖြစ်ပါသည်။ စာသင်ကျောင်းဆောင်တိုးချဲ့ပေးခြင်းအားဖြင့် ကျောင်းသား၊ကျောင်းသူများ ယခုထက်ပိုမိုလက်ခံနိုင်မည်ဖြစ်ပြီး ပညာရေး အဆင့်အတန်းမြင့်မား၍ ကျေးရွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

# ပုသိမ်ကြီးမြို့နယ်၊ ကုလားမတောင်ကျေးရွာ၏

# ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

**(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၇ | ၁၂ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၇ | ၃၀ | ၅၇ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၄ | ၄၆ | ၉၀ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၈ | ၄၂ | ၉၀ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၀၅ | ၃၇၄ | ၆၇၉ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၄ | ၂၉ | ၃၃ |
| စုစုပေါင်း | | ၄၃၃ | ၅၂၇ | ၉၆၁ |
| စုစုပေါင်း အိမ်ထောင်စု | | ၂၆၀ | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ကုလားမတောင်ရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေမှာ ကျေးရွာလူဦးရေ၏(၃)ပုံ(၂)ပုံခန့်ရှိပါသည်။ကျောင်းနေအရွယ်လူဦးရေမှာ ကျေးရွာလူဦးရေ၏(၅)ပုံ(၁)ပုံခန့်ရှိပါသည်။ ကျောင်းမနေသေးသည့်အရွယ် ကလေးငယ်စုစုပေါင်းမှာ (၆၉)ဦးရှိပြီး (၆၅)နှစ်အထက် သက်ကြီးရွယ်ကြီးဦးရေမှာ (၃၃)ဦးသာရှိပါသည်။အိမ်ထောင်စုပေါင်း(၂၆၀)ရှိပြီး စုစုပေါင်း လူဦးရေ (၉၆၁)ရှိသည့်အတွက် တစ်အိမ်ထောင်စုလျှင် ပျမ်းမျှ မိသားစုဝင်(၃)(၄)ဦးခန့် ရှိပါသည်။**

**(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ**

**(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ**

**ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၈၀ | ကောင်း | အနည်းအကျဉ်း | ဆည်ရေ |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| စုစုပေါင်း | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာရှိ စိုက်ပျိုးမြေအမျိုးအစားမှာ လယ်မြေသာဖြစ်ပြီး မြေဆီလွှာအရည်အသွေး ကောင်းမွန်သော်လည်း စိုက်ပျိုးရေးအတွက် ဆည်ရေကိုသာ အားထားနေရသဖြင့် ရေရရှိမှုမှာ အနည်းအကျဉ်းသာ ရှိပါသည်။**

## (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

**ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ**

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | မရှိ | |
| အခြားသဘာဝအရင်းအမြစ် | မရှိ | |
| တိရစ္ဆာန်မျိုးစိတ်များ | မရှိ | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | သင့် | လွယ် |

| အမျိုးအစား | ရရှိနိုင်မှု<br>(များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု<br>(လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| **ပျှမ်းမျှအပူချိန်** – ၃၀°C | **ပျှမ်းမျှ မိုးရေချိန်** – (၅၇)လက်မ | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊**

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကုလားမတောင်ကျေးရွာတွင် ဓါတ်သတ္တုများ ထွက်ရှိခြင်းမရှိပါ။ အခြားသဘာဝအရင်းအမြစ်များနှင့်တိရစ္ဆာန်မျိုးစိတ်များ လည်း မရှိသည့်အတွက် ကျေးရွာလူထုအတွက် မိမိလုပ်အားကိုသာအားထားရပြီး တဖက်တလမ်းမှဝင်ငွေ ရရှိနိုင်သည့် အရင်းအမြစ်များမရှိပါ။ သဘာဝပေါက်ပင်ခက်ခဲသော်လည်း နွားစာအတွက် လုံလောက်မှုရှိပါသည်။ ဆေးဘက်ဝင်အပင်များအနေဖြင့် ရှားစောင်းလက်ပပ်ပင်များ၊ ကြိတ်မှန်ပင် များနှင့်ဆင်တုန်းမနွယ်ပင်များရှိသော်လည်း ၄င်းအပင်များကို ဆေးဝါးထုတ်လုပ်ရောင်းချနိုင်ရန် ဗဟုသုတနှင့်နည်းပညာအားနည်းကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၏ ပျမ်းမျှအပူချိန်မှာ** (၃၀°C) ခန့် ရှိပြီး ပျမ်းမျှမိုးရေချိန်မှာ (၅၇)လက်မခန့် ရှိသည့်အတွက် သင့်တင့်မျှတသော ရာသီဥတုရှိကြောင်း တွေ့ရှိရပါသည်။

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

**ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| **စဉ်** | **အဖွဲ့အစည်းအမည်** | **အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **လုပ်ငန်းတာဝန်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | **အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်** |
|---|---|---|---|---|
| ၁ | ရပ်မိရပ်ဖ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း<br>ကျား-၉ ဦး<br>မ-၃ ဦး |
| ၂ | သင်္ဂဟ | ၁☐ ၂☐ ၃☑ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း<br>မ-၂၀ ဦး |
| ၃ | မွန်မြတ်သူတို့ စေတနာ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ | ကောင်း<br>ကျား-၂၀ ဦး<br>မ-၂၀ ဦး |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက် |
|---|---|---|---|---|
| | | | လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၄ | အေးမေတ္တာ လူငယ်အဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း<br>ကျား-၁၅ ဦး<br>မ-၁၀ ဦး |
| ၅ | လျှပ်စစ်မီး ကောက်ခံ ရေးအဖွဲ့ | ၁☑ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း<br>ကျား-၉ ဦး |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာအတွင်းတွင် လူထုအခြေပြုအဖွဲ့အစည်း (၄)ဖွဲ့ရှိပါသည်။ ထိုအဖွဲ့များ၏ အဖွဲ့ဝင်အရေအတွက်များအား လေ့လာကြည့်ရာတွင် (၁) ရပ်မိရပ်ဖအဖွဲ့တွင် (ကျား -၉ဦး/ မ- ၃ဦး)ဖြင့် ဖွဲ့စည်းထားပြီး ကျေးရွာ၏ သာရေး၊ နာရေး၊ ဖွံ့ဖြိုးရေးနှင့် လူမှုရေးလုပ်ငန်းများ ဆွေးနွေးတိုင်ပင်ဆောင်ရွက်ကြသည်ကို တွေ့ရပါသည်။ (၂) သင်္ဂဟဝတ်အသင်းအဖွဲ့အနေဖြင့် (မ-၂၀ဦး)ဖြင့် ဘာသာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ (၃) မွန်မြတ်သူတို့စေတနာပရဟိတအဖွဲ့တွင် (ကျား-၂၀ဦး/ မ-၂၀ဦး) စုစုပေါင်း(၄၀)ဦးဖြင့် ဖွဲ့စည်းထားပြီး ကျေးရွာ၏လူမှုရေးလုပ်ငန်းများကို စိတ်အားတက်ကြွစွာ ဆောင်ရွက်ကြသည်ကို တွေ့ရပါသည်။ (၄) အေးမေတ္တာလူငယ်အဖွဲ့တွင်(ကျား-၁၅ဦး/မ-၁၀ဦး) စုစုပေါင်း ၂၅ဦးသည် ဘာသာရေး၊ သာရေး၊ နာရေးနှင့် လူမှုရေးလုပ်ငန်းများကို တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်နေကြသည်ကို တွေ့ရပါသည်။ ဆောင်ရွက်နေပါသည်။ (၅)လျှပ်စစ်မီးကောက်ခံရေးအဖွဲ့အနေဖြင့် (ကျား-၉ဦး)ဖြင့် လျှပ်စစ်မီတာခများကို စနစ်တကျကောက်ခံ ဆောင်ရွက်လျက်ရှိပါသည်။ ထိုအဖွဲ့အစည်းများမှာ စည်းလုံးမှုရှိခြင်း၊ တက်ကြွခြင်း၊ စီမံခန့်ခွဲမှုကောင်းခြင်း၊ မှတ်တမ်းနှင့် စာရင်းဇယားများ စနစ်တကျထားရှိမှုတို့ကြောင့် ရေရှည်တွင် ယခုထက်ပိုမို တိုးတက်လာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

**ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၂ဧက-၁၀ဧက | ၀-၂ဧက | မြေယာမဲ့ | မြေယာမဲ့ |
| အိမ်အခြေအနေ | နှစ်ထပ်တိုက် | ပျဉ်ထောင်အိမ် | ထရံကာ | မြေစိုက်ရိုးရိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ထော်လာဂျီ | ဆိုင်ကယ်-၂စီး | ဆိုင်ကယ်-၁စီး | ဆိုင်ကယ်-၁စီး |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ၊ အရောင်းအ၀ယ် | တောင်သူ ၊ ပန်းရံ | ပန်းရံ ၊ လက်သမား | ကျပန်း |
| အိမ်ထောင်စု | ၂၀ | ၁၄၀ | ၆၀ | ၄၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုမှာ(၁၀၀)ခန့်ရှိပြီး အဆိုပါအိမ်ထောင်စုများမှာ မပြေလည်သောအိမ်ထောင်စုများနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများဖြစ်ကြပါသည်။ မြေ၂ဧကအောက် ပိုင်ဆိုင်ထားသော အိမ်ထောင်စုများမှာ အလယ်အလတ်အဆင့်ရှိပြီး အိမ်ထောင်စုပေါင်း(၁၄၀)ခန့်ရှိပါသည်။ အဆင်ပြေသော အိမ်ထောင်စုမှာ (၂၀)ခန့်ရှိပြီး တောင်သူနှင့် အရောင်းအ၀ယ်လုပ်ငန်းကို လုပ်ကိုင်ကြကာ မြေကေ၂ဧက မှ ၁၀ ဧက ကြား ပိုင်ဆိုင်ကြပါသည်။ တောင်သူငယ်မိသားစုများမှ ၎င်းတို့တောင်သူ အချင်းချင်း လက်စားလုပ်ကိုင်ခြင်း၊ နေ့စားအငှားဖြင့်လည်း လုပ်ကိုင်ကြရပါသည်။ မြေယာမဲ့ အိမ်ထောင်စုများမှာ ပန်းရံ၊ လက်သမား၊ ကျပန်း၊ အရောင်းအ၀ယ် စသည်ဖြင့် အမျိုးမျိုး လုပ်ကိုင်စားသောက်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။**

### (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၆)** ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၃၂ | ၈၉.၂၃% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၁၀ | ၃.၈၅% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၁၇ | ၆.၅၄ % | တောင်သူငယ် |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၄ | ၅ကေမှ၁၂.၅ကေကြား ( ၅ဟတ်တာထိ) | ၁ | ၀.၃၈% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်) | | | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၂၆၀ | ၁၀၀% | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ကျေးရွာတွင်မြေယာမဲ့ ၂၃၂ အိမ်ထောင်စု(၈၉.၂၃%)၊ ၂.၅ကေအောက် ပိုင်ဆိုင်ထားသူ အိမ်ထောင်စု ၁၀ အိမ်ထောင်စု (၃.၈၅%) မှာ ဆင်းရဲသားတောင်သူများဖြစ်ပြီး ၂.၅ကေ မှ၅ကေကြားရှိသူ ၁၇ အိမ်ထောင်စု (၆.၅၄%)မှာ တောင်သူငယ်အိမ်ထောင်စုများဖြစ်ကြပါသည်။ ၅ကေမှ ၁၂.၅ကေကြားရှိသော ၁ အိမ်ထောင်စု (၀.၈၃%)မှာ တောင်သူလတ်အိမ်ထောင်စု ဖြစ်ကြပါသည်။ ၁၂.၅ကေအထက်ရှိသော အိမ်ထောင်စု မရှိပါ။ မြေယာမဲ့၊ ဆင်းရဲသားတောင်သူနှင့် တောင်သူငယ် မိသားစုများမှ ၎င်းတို့တောင်သူ အချင်းချင်းလက်စားလုပ်ကိုင်ခြင်း၊ နေ့စားအငှားဖြင့်လည်း လုပ်ကိုင်ကြရပါသည်။

### (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစု ပေါင်း စိုက်ကေ | တစ်ကေ အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| စပါး | ၈၀ | တင်း | ၈၀ | ၁၃၀ | ၁၀၀ | သင့် |
| နှမ်း | ၂၀ | တင်း | ၈ | ၁၂ | ၁၀ | သင့် |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အဓိကစိုက်ပျိုးသော သီးနှံမှာ စပါး ဖြစ်ပါသည်။ စပါးကို နွေစပါးနှင့် မိုးစပါးဟူ၍ စိုက်ပျိုးပါသည်။ နွေစပါးကို တန်ခူးလမှာ စိုက်ပျိုး၍ ဝါဆိုလတွင် ရိတ်သိမ်းကြပါသည်။ မိုးစပါးကို တော်သလင်းလတွင်စိုက်ပျိုး၍ နတ်တော်လတွင် ရိတ်သိမ်းပါသည်။ စပါးအထွက်နှုန်းမှာ တစ်ကေလျှင် အနည်းဆုံးထွက်နှုန်း တင်း ၈၀မှ အများဆုံးထွက်နှုန်း တင်း ၁၃၀ ရှိပြီး ပျမ်းမျှထွက်နှုန်းမှာ တင်း ၁၀၀ ရှိပါသည်။ စိုက်ပျိုးရေး အတွက် လိုအပ်သော မျိုးကောင်းမျိုးသန့်နှင့် လိုအပ်သောပစ္စည်းများကို လွယ်ကူစွာ လိုသလောက်ရနိုင်ပါသည်။ စိုက်ပျိုးရေးနည်းပညာပိုင်းတွင်လည်း နည်းပညာအကူအညီများရရှိသဖြင့် စပါးအထွက်နှုန်း ကောင်းပါသည်။ အခြားသီးနှံအဖြစ် နှမ်းစိုက်ပျိုးကြပါသည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

**ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၅ | ၂၀ |
| **နို့စားနွား** | ၅ | ၅ |
| **ကျွဲ** | ၂ | ၈ |
| **မြင်း** | | |
| မြည်း | | |
| လား | | |
| ဆိတ် | ၂ | ၂၀၀ |
| သိုး | ၂ | ၁၀၀ |
| ဝက် | ၅ | ၂၀ |
| ကြက် | | |
| ဘဲ | | |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ အိမ်ထောင်စု သာ တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ မွေးမြူထားသောကောင်ရေမှာ နွား (၂၀)ကောင်၊ နို့စားနွား (၅) ကောင်၊ ကျွဲ (၈) ကောင်၊ ဆိတ် (၂၀၀) ကောင်၊ သိုး (၁၀၀) ကောင်၊ ဝက် (၂၀) ကောင် မွေးမြူထား ပါသည်။ တိရစ္ဆာန်ရောဂါကျရောက်ပါက တိမွေးကုဆရာများနှင့် ဆက်သွယ်၍ကုသပါသည်။ မွေးမြူ ရေး၏ အဓိကအခက်အခဲမှာ နည်းပညာအခက်အခဲ၊ ဈေးငွေမရရှိမှု၊ မျိုးကောင်းမျိုးသန့် လက်လှမ်း မှီမှု မရှိခြင်း၊ရောင်းချရာတွင်လည်း သားသတ်လိုင်စင်မရှိခြင်းကြောင့် ခက်ခဲမှုများ ရှိပါသည်။ ကျေးရွာတွင် ငါးလုပ်ငန်းလုပ်ကိုင်သူ မရှိကြောင်းတွေ့ရှိရပါသည်။**

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| **စဉ်** | **လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု)** | **လုပ်ငန်း အရေအတွက်** | **ဝန်ထမ်း / အလုပ်သမား အရေအတွက်** | **မိသားစုဝင် လုပ်အား** | **ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်** |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ် ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၂၀ | ၃၀ | ၂၅ | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | ၂ | | ၃ | လတ် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ) | ၂ | ၅ | ၂ | လတ် |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၅ | ၁၀ | ၅ | လတ် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | ၁ | | ၂ | မြင့် |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | | | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း | | | | |

| | | | | | |
|---|---|---|---|---|---|
| | အပါအဝင် ငွေကြေး ဝန် ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | | | | |
| ၁၃ | ကျန်းမာရေး | | | | |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ( အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | ၈၂ ဦး | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ပန်းရံ၊လက်သမားလုပ်ငန်းရှိသော အိမ်ထောင်စုပေါင်း(၂၀)၊ ဆိုင်ကယ်ဝပ်ရှော့လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ အိမ်ထောင်စု(၂)စု၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူအိမ်ထောင်စု(၂)စု၊ တနိုင်တပိုင်ဈေးဆိုင်ဖွင့်သည့် အိမ်ထောင်စု(၅)စုနှင့် လက်ဖက်ရည်ဆိုင်(၁)ဆိုင်ရှိပါသည်။ ခြုံငုံသုံးသပ်ရာတွင် လက်ဖက်ရည်ဆိုင်ဖွင့်သည့် အိမ်ထောင်စုမှာ ရပ်တည်နိုင်မှု မြင့်မားပြီး ပန်းရံ၊လက်သမားနှင့် ကျန်လုပ်ငန်းလုပ်ကိုင်သူများမှာ ရပ်တည်နိုင်မှု အလယ်အလတ်ရှိကြောင်း တွေ့ရှိရပါသည်။**

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး**<br>**(အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)** | **အကြီးစားဈေးကွက်**<br>**(အဓိကတစ်ခုကိုသာဖော်ပြပါရန်)** |
|---|---|---|
| **ဈေးအမည်** (မြို့/ ရွာ) | ဘူတာဈေး | ဈေးချို |
| **ရွာမှအကွာအဝေး** (မိုင်)<br>(**အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်**) | ၀ မှ ၁ မိုင်☐ ၁ မှ ၅ မိုင် ☑<br>၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐<br>၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင်☑<br>၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐<br>၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐ |

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| **သယ်ယူပို့ဆောင်ရေး နည်းလမ်း** | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☑ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☑ လှေ ☐ စက်လှေ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်များကို မြို့နှင့်နီးသောကြောင့် အဆင်ပြေလွယ်ကူစွာ ရောင်းချနိုင်ပါသည်။ ကုန်စိမ်းနဲ့ငါးများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများကို ဘူတာဈေးတွင် ဝယ်ယူရရှိနိုင်ပါသည်။ တစ်ခြားလူသုံးကုန်ပစ္စည်းများ၊ ဈေးဆိုင်များအတွက် တဆင့်ပြန်လည်ရောင်းချရန် လိုအပ်သောပစ္စည်းများကို မန္တလေးဈေးချိုသို့ ဆိုင်ကယ်ဖြင့်လည်းကောင်း၊ ကားဖြင့်လည်းကောင်း ရာသီမရွေး သွားရောက်ဝယ်ယူရရှိနိုင်ပါသည်။**

## (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ26

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| **ရွာတွင်းလမ်း** | ၁☐၂☐၃☑ ၄☐၅☐ | ကောင်း☐ သင့်☑ ညံ့☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☑ | ၀–၁ မိုင်☐ ၁–၅ မိုင်☑ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐ |
| **ချဉ်းကပ်လမ်း** | ၁☐၂☐၃☑ ၄☐၅☐ | ကောင်း☑ သင့်☐ ညံ့☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☑ | ၀–၁ မိုင်☑ ၁–၅ မိုင်☐ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐ |
| **ရွာချင်းဆက်လမ်း** | ၁☐၂☑၃☐ ၄☐၅☐ | ကောင်း☐ သင့်☑ ညံ့☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☑ | ၀–၁ မိုင်☐ ၁–၅ မိုင်☑ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅**

**လေ့လာတွေ့ရှိချက်။ ။ ။ရွာတွင်းလမ်းများမှာ ကျောက်ချောလမ်း အမျိုးအစား ဖြစ်ပြီး တစ်နှစ်ပတ်လုံးသွားလာနိုင်ကာ အရည်အသွေးအနေဖြင့်လည်း အသင့်အတင့် ကောင်းမွန်ပါသည်။ ချဉ်းကပ်လမ်းအမျိုးအစားမှာလည်း ကျောက်ချောလမ်းဖြစ်၍ ကောင်းမွန်ပြီး တစ်နှစ်ပတ်လုံး သွား**

**လာနိုင်သောကြောင့်လမ်းအသုံးပြုသူများပြားကြောင်းတွေ့ရပါသည်။ ရွာချင်းဆက်လမ်းမှာကျောက်ခင်းလမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံး သွားလာနိုင်သောကြောင့် ကျေးရွာချင်း လွယ်ကူစွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။**

## (၅. ၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင်☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကုလားမတောင်ကျေးရွာသည် မြစ်ကြောင်း၊ ပင်လယ်ရေကြောင်းနှင့် ဝေးကွာသည့်ကျေးရွာဖြစ်သည့်အတွက် ရေကြောင်းသယ်ယူပို့ဆောင်ရေးအသုံးမပြုနိုင်ပါ။**

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ28

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | | | ၂၀ | ၂၁၆ | ၁ | ၉ | ၅ | | ၁ |

**ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်သယ်ယူပို့ဆောင်ရေးအနေဖြင့် ရေကြောင်းခရီး သွားလာမှု မရှိသဖြင့် လှေ၊ သမ္ဗာန်နှင့် စက်လှေတို့အသုံးပြုခြင်းမရှိပါ။ စက်ဘီး အစီး(၂၀)၊ မော်တော်ဆိုင်ကယ် (၂၁၆)စီးရှိကြောင်း တွေ့ရပါသည်။ သုံးဘီးဆိုင်ကယ်(၁)စီး၊ ထော်လာဂျီ(၉)စီးရှိပြီး ကျေးရွာမှ ထွက်ရှိသော စိုက်ပျိုးသီးနှံများ တင်ပို့ရောင်းချရာတွင် အသုံးပြုပါသည်။ ကား(၅) စီး**

ရှိပြီး ကျေးရွာမှထွက်ရှိသော စိုက်ပျိုးသီးနှံများ တင်ပို့ရောင်းချခြင်းနှင့် သွားလာရေး လွယ်ကူစေရန် အသုံးပြုနေပါသည်။ စိုက်ပျိုးရေးလုပ်ငန်းသုံးရန် နွားလှည်း (၁)စီးသာရှိပါသည်။

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**29

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | ၂၂၀ |
| ဆိုလာစနစ် | ၂၀ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | ၂၀ |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး အသုံးပြုသော အိမ်ထောင်စုမှာ (၂၂၀)ရှိပြီး ဒီဇယ်အင်ဂျင်သုံးလျှပ်စစ်မီးအသုံးပြုသောအိမ်ထောင်စုမှာ(၂၀) ရှိပါသည်။ ဆိုလာစွမ်းအင်အသုံးပြုသော အိမ်ထောင်စုမှာ (၂၀)ရှိပါသည်။ ကျေးရွာသည် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိသည့်အတွက် လျှပ်စစ်ဓါတ်အားသုံး စက်မှု၊ လက်မှုလုပ်ငန်းများ အဆင်ပြေစွာ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။**

## (၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၃၄၂ | | ၂၅၁ |

**ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏စုစုပေါင်း(၂၆၀)ရှိပြီး တီဗွီ(၂၅၁)လုံးရှိသည့် အတွက် အိမ်တိုင်းနီးပါးတီဗွီရှိကြောင်း တွေ့ရှိရပါသည်။ ဖုန်း(၃၄၂)လုံးရှိပါသည်။ ကျေးရွာလူထုအနေဖြင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များ အလွယ်တကူရယူအသုံးပြုနိုင်ကြောင်း တွေ့ရှိ ရပါသည်။**

## (၆) ပညာရေး

### (၆.၁) ကျောင်းတက်နှုန်း

**ဇယား** (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၃၁ | ၄၁ | ၇၂ |
| အလယ်တန်း | ၂၅ | ၂၇ | ၅၂ |
| အထက်တန်း | ၂၀ | ၂၄ | ၄၄ |
| တက္ကသိုလ်/ကောလိပ် | ၉ | ၁၀ | ၁၉ |

**ရင်းမြစ်** … (၁) **ကျောင်းဝင်စာ**

**ရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၎င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး KGတန်း ကျား-၂၀ဦး၊ မ-၁၃ဦး စုစုပေါင်း ၃၃ဦး၊ ပထမတန်း ကျား-၁၁ဦး/မ-၁၄ဦး စုစုပေါင်း ၂၅ဦး၊ ဒုတိယတန်း ကျား-၂၀ဦး/မ-၂၀ဦး စုစုပေါင်း ၄၀ဦး၊ တတိယတန်း ကျား-၁၆ဦး/မ-၁၀ဦး စုစုပေါင်း ၂၆ဦး ၊ စတုတ္ထတန်း ကျား-၂၂ဦး/မ-၁၈ဦး စုစုပေါင်း၃၈ဦး လက်ရှိမူလတန်းကျောင်းတွင် ကျောင်းတက်နေသော ကျောင်းသားဦးရေပေါင်း ကျား-၈၉ဦးနှင့်မ-၇၅ဦး စုစုပေါင်း ၁၆၄ဦးတက်ရောက်နေကြောင်း တွေ့ရပါသည် ။ အလယ်တန်းပညာရေးတွင် ကျား-၂၅ဦး/မ-၂၇ဦး စုစုပေါင်း ၅၂ဦး၊ အထက်တန်း ပညာရေးတွင် ကျား-၂၀ဦး/မ-၂၄ဦး စုစုပေါင်း ၄၄ဦး နှင့် တက္ကသိုလ်/ကောလိပ်တက်နေသော ကျား-၉ဦး/မ-၁၀ဦး စုစုပေါင်း၁၉ဦး ကျောင်းတက်နေကြောင်းတွေ့ရပါသည်။**

### (၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း☑<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ | မူလတန်း☐<br>မူလွန်☑<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☑ |

<table>
<tr><th>အကြောင်းအရာ</th><th colspan="3">(၁)</th><th colspan="3">(၂)</th><th colspan="3">(၃)</th></tr>
<tr><td>**ခ။**ရွာမှအကွာအဝေး(မိုင်)</td><td colspan="3">၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐</td><td colspan="3">၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐</td><td colspan="3">၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☑<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐</td></tr>
<tr><td>**ဂ။**သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု</td><td colspan="3">ခြေလျင် ☑<br>စက်ဘီး ☑<br>ဆိုင်ကယ် ☑<br>ကား ☐</td><td colspan="3">ခြေလျင် ☐<br>စက်ဘီး ☑<br>ဆိုင်ကယ် ☑<br>ကား ☐</td><td colspan="3">ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☑<br>ကား ☑</td></tr>
<tr><td>**ဃ။** စာသင်ကျောင်း၏<br>စုစုပေါင်းကြမ်းခင်းဧရိယာ<br>(စတုရန်းပေ)*</td><td colspan="3">၁၀၀၀စတုရန်းပေ</td><td colspan="3"></td><td colspan="3"></td></tr>
<tr><td>**င။**အမိုး၊နံရံ၊အခင်း အရည်အသွေး</td><td colspan="3">ကောင်း☐သင့်☑ညံ့☐</td><td colspan="3">ကောင်း☐သင့်☐ညံ့☐</td><td colspan="3">ကောင်း☐သင့်☐ညံ့☐</td></tr>
<tr><td>**စ။**ကျောင်းသုံးပရိဘောဂလုံလောက်မှု</td><td colspan="3">လုံလောက်မှုရှိသည်☑<br>မလုံလောက်ပါ ☐</td><td colspan="3">လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☐</td><td colspan="3">လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐</td></tr>
<tr><td>**ဆ။** ကျောင်းအိမ်သာ အခြေအနေ</td><td colspan="3">ကောင်း ☐ သင့်☑<br>ညံ့ ☐ မရှိ ☐</td><td colspan="3">ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐</td><td colspan="3">ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐</td></tr>
<tr><td>**ဈ။**ကျောင်းအာဟာရတိုက်ကျွေးမှု</td><td colspan="3">တိုက်ကျွေးမှုရှိသည်☑<br>တိုက်ကျွေးမှု မရှိပါ ☐</td><td colspan="3">တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐</td><td colspan="3">တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐</td></tr>
<tr><td>**ဇ။**ကျောင်းဆရာ/မ ဦးရေ</td><td>ကျား</td><td>မ</td><td>ပေါင်း</td><td>ကျား</td><td>မ</td><td>ပေါင်း</td><td>ကျား</td><td>မ</td><td>ပေါင်း</td></tr>
<tr><td>အစိုးရခန့်</td><td></td><td>၆</td><td>၆</td><td></td><td></td><td></td><td></td><td></td><td></td></tr>
<tr><td>ကျေးရွာခန့်</td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td></tr>
</table>

**ရင်းမြစ်** … **(၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လက်ရှိမူလတန်းကျောင်းရှိပြီး အရွယ်မှာ အလျား-၅၀ပေ၊ အနံ-၂၀ပေနှင့် အမြင့်-၁၅ပေရှိသော သွပ်မိုး၊ အုတ်ခင်း၊အုတ်စီ အဆောင်-၁ဆောင် ရှိပါသည်။ ကျောင်း၏အကျယ်အဝန်းမှာ ၂ဧက ရှိပါသည်။ ကျောင်းဆောင်နှင့် ပရိဘောဂပစ္စည်းများ လုံလောက်မှုရှိပါသည်။ ယင်လုံအိမ်သာ၊ ကျောင်းသောက်သုံးရေ၊ သင်ထောက်ကူပစ္စည်း များလည်း အလုံအလောက်ရှိပါသည်။ ကျေးရွာမူလတန်းကျောင်းတွင် အစိုးရခန့် ကျောင်းဆရာမ -၆ဦး နှင့် အထွေထွေလုပ်သား-မ(၁)ဦး စုစုပေါင်းဝန်ထမ်း-၇ဦးရှိပြီး ကျေးရွာမှခန့်ထားသော ဆရာ/ဆရာမ မရှိပါ။ အလယ်တန်းပညာရေးအတွက် ကျေးရွာမှ မိုင်ဝက်ခန့်ဝေးသော ပုသိမ်လေးကျေးရွာ မူလွန် ကျောင်းတွင် ပညာသင်ကြားနိုင်ပြီး အထက်တန်းပညာရေးအား မန္တလေးမြို့ပေါ်ရှိကျောင်းများတွင်**

တက်ရောက်ပညာသင်ကြားကြပါသည်။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

| # | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | *မြင့်*☐ | *နိမ့်*☑ | *မရှိ*☐ |
| ၂ | သွေးလွန်တုပ်ကွေး | *မြင့်* ☐ | *နိမ့်*☑ | *မရှိ*☐ |
| ၃ | ငှက်ဖျား | *မြင့်* ☐ | *နိမ့်*☑ | *မရှိ*☐ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | *မြင့်* ☐ | *နိမ့်* ☑ | *မရှိ*☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | *မြင့်* ☐ | *နိမ့်* ☐ | *မရှိ*☑ |
| ၆ | တီဘီ | *မြင့်* ☐ | *နိမ့်* ☑ | *မရှိ*☐ |
| ၇ | ဆီးချို | *မြင့်* ☐ | *နိမ့်* ☑ | *မရှိ*☐ |
| ၈ | သွေးတိုး | *မြင့်* ☐ | *နိမ့်* ☑ | *မရှိ*☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | *မြင့်* ☐ | *နိမ့်* ☐ | *မရှိ*☑ |
| ၁၀ | အာဟာရ ချို့တဲ့မှု | *မြင့်* ☐ | *နိမ့်* ☐ | *မရှိ*☑ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | *မြင့်* ☐ | *နိမ့်* ☐ | *မရှိ*☑ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှာ အစားအသောက်များယွင်းမှု၊ သောက်သုံးရေမသန့်ရှင်းမှုစသည်တို့မှ ဖြစ်ပွားနိုင်ခြေ အနည်းငယ်သာ ရှိပါသည်။ ကျေးရွာတွင် ရေမြောင်းများ မိုးတွင်းရေအိုင်ခြင်းကြောင့် ခြင်ပေါက်ဖွားနှုန်းများပြီး သွေးလွန်တုပ်ကွေးဖြစ်နိုင်ပါသည်။ တောတောင်စိမ့်စမ်းစသော ငှက်ဖျားရောဂါ ဖြစ်ပွားနိုင်သောဒေသများသို့ သွားရောက်လုပ်ကိုင်ခြင်း မရှိသည့်အတွက် ငှက်ဖျားရောဂါ ဖြစ်နိုင်ခြေနည်းပါသည်။ ကျေးရွာရှိ အိမ်ခြံဝိုင်းများ ထူထပ်ပြီးကျဉ်းမြောင်းသောကြောင့် အသက်ရှူလမ်း ကြောင်းမှကူးစက်သောရောဂါ (ဥပမာ-တီဘီရောဂါ) ဖြစ်နိုင်ချေရှိပါသည်။ HIV, AIDS, လိင်မှတဆင့်ကူးစက်တတ်သော ရောဂါများ ဖြစ်ပွားခြင်းမရှိပါ။ နေ့စဉ်သုံးနေသော ဟင်းချိုမှုန့်၊ စားအုန်းဆီ၊ အချိုဓာတ်/ အငံဓာတ် များသော အစားအစားများ စသည်တို့ စားသုံးလာမှုကြောင့် သွေးတိုးနှင့်ဆီးချို ဖြစ်ပွားနိုင်ချေရှိပါသည်။ အသည်းရောဂါ (ဘီ၊ စီ) တို့လည်းဖြစ်ပွားမှု မရှိပါ။ ကျေးရွာရှိ လူအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ပြီး အဟာရပြည့်ဝကြပါသည်။ အခြားကူးစက်နိုင်သော ရောဂါအနေဖြင့် ထွေထွေထူးထူးမရှိပါ။**

**(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

**ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✓ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | ✓ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှံမှု** | ✓ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | ✓ | |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ။ကျေးရွာတွင် ကာကွယ်ဆေးထိုးခြင်းများ လစဉ်လတိုင်းရှိပါသည်။ မွေးကင်းစမှ အသက် ၂ လအထိ အဆုတ်ရောဂါကာကွယ်ဆေးထိုးပါသည်။ ကလေးအသက် ၂လ၊ ၄ လနှင့်၆လ (၃)ကြိမ်အပြည့် ဆုံဆို့၊ကြက်ညှာ၊မေးခိုင်နှင့်အသည်းရောင်အသားဝါ ကာကွယ်ဆေးထိုး ရပါသည်။ ၎င်း(၃)ကြိမ်တိုင်းတွင် ပိုလီယိုအစက်ချကာကွယ်ဆေးနှင့်ထိုးဆေးတို့ကိုပါ ဆောင်ရွက် ပါသည်။ ကိုယ်ဝန်ဆောင်များကိုလည်း ကိုယ်ဝန် ၂ လ တွင်လည်းကောင်း၊ ကိုယ်ဝန်ရှိကြောင်း သေချာစွာသိရှိချိန်တွင်လည်းကောင်း မေးခိုင်ရောဂါကာကွယ်ဆေးကို ကိုယ်ဝန်ဆောင်မိခင်တိုင်း (၂)ကြိမ်ပြည့်အောင် ထိုးကြပါသည်။ ဝက်သက်ရောဂါကာကွယ်ဆေးကို ကလေးအသက် ၉ လ တွင် လည်းကောင်း၊ ကလေးအသက်၁၈လတွင်လည်းကောင်း (၂)ကြိမ်ပြည့်အောင် ဝက်သက်ကာကွယ် ဆေးထိုးရပါသည်။ကျေးရွာရှိ ၂နှစ်အောက်ကလေးတိုင်း ကာကွယ်ဆေးကို ပြည့်မှီအောင်ထိုးကြ ရပါသည်။အသက်၅နှစ်အောက်ကလေးများကို ကျန်းမာရေးဌာနမှ စီမံချက်ဖြင့် ဝက်သက်အစုလိုက် ရောဂါကာကွယ်ဆေးထိုးပေးခြင်း ၊ ဗိုက်တာမင်အေ မျက်စိကြည်ဆေးတိုက်ကျွေးခြင်း၊ သံချဆေး တိုက်ကျွေးခြင်း၊ ပျို့ရွယ်သူ၊ ကျောင်းသူများကို ဖောလစ်အက်စစ် တိုက်ကျွေးခြင်းများကိုလည်းပြု လုပ်ဆောင်ရွက်ကြသည်ကို တွေ့ရပါသည်။ စာသင်ကျောင်းများတွင် အာဟာရဖွံ့ဖြိုးရေးအတွက် ဆရာ၊ဆရာမများမှ စုပေါင်းအာဟာရ တိုက်ကျွေးခြင်း၊ ကျောင်းသားမိဘများမှ အလှည့်ကျ အာဟာ ရဖြည့်တင်းခြင်းကိုလည်းကောင်းအာဟာရဖွံ့ဖြိုးရေး အစီအစဉ်အတွက် လုပ်ဆောင်နေကြကြောင်း သိရပါသည်။စာသင်ကျောင်းသို့ကျန်းမာရေးဌာနမှလာရောက်ပြီးကျောင်းကျန်းမာရေးစစ်ဆေးခြင်း၊ ကျောင်းသား/ကျောင်းသူတို့ကို အရပ်အမြင့်၊အလေးချိန်၊လက်မောင်းပတ်တိုင်းခြင်းများ လုပ်ဆောင် ပေးကြောင်းသိရပါသည်။ ထိုသို့ပြုလုပ်ပေးခြင်းနှင့်အတူ အာဟာရပညာပေး အစီအစဉ်များကိုပါ ကျန်းမာရေးဌာနမှ မျှဝေဟောပြောကြောင်းသိရပါသည်။**

### (၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ(ကျေးလက် ဆေးပေးခန်း) | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ☑<br>မရှိ ☐ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ☐<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☑<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ☑<br>မရှိ ☐ |

**ရင်းမြစ်** … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိရွာသူရွာသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အနေဖြင့် ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ပါသည်။ ပုသိမ်ကြီးမြို့နယ်ဆေးရုံသို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရန် ၅မိုင်ခန့် သွားရောက်ရမည်ဖြစ်ပါသည်။**

### (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄. ၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု(မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | | ကောင်း☐ သင့်☐ ညံ့☐ | |
| အဝီစိတွင်း/ စက်တပ် | ၁၃၀ | ကောင်း☑ သင့်☐ ညံ့☐ | **မိုး၊ ဆောင်း၊ နွေ** |
| အဝီစိတွင်း/ တုံကင် | ၁၅ | ကောင်း☑ သင့်☐ ညံ့☐ | **မိုး၊ ဆောင်း၊ နွေ** |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| မြစ်/ချောင်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |
| ရေကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| စိမ့်စမ်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |

**ရင်းမြစ်…** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၃) **ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အဝီစိတွင်း/စက်တပ်မှအသုံးပြုသော အိမ်ထောင်စု ၁၃၀ရှိပြီး သန့်ရှင်းမှုရှိပါသည်။ အဝီစိတွင်း/တုံကင်မှအသုံးပြုသော အိမ်ထောင်စု ၁၅စုရှိပြီး သန့်ရှင်းမှု ရှိပါသည်။ ကျေးရွာသည် လျှပ်စစ်မီးရရှိသည့်အတွက် စက်တပ်အဝီစိတွင်းများကို အိမ်ထောင်စု အတော်များများအသုံးပြုကြကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် နွေ၊ မိုး၊ ဆောင်း ရာသီမရွေး သောက်သုံးရေလုံလောက်မှုရှိသည်ကို တွေ့ရှိရပါသည်။ အချို့အိမ်ထောင်စုများမှာ သောက်သုံးရေ အတွက် သောက်ရေသန့်ဘူးများကိုသာ အသုံးပြုကြကြောင်းတွေ့ရှိရပါသည်။**

## (၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၂၂၀ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်သန့်ရှင်းသော ရေလောင်း/ယင်လုံအိမ်သာသုံးစွဲသည့် အိမ်ထောင်စု ၂၂၀ ရှိပါသည်။ အိမ်တိုင်းနီးပါးတွင် ယင်လုံအိမ်သာရှိသည့်အတွက် ဝမ်းရောဂါနှင့် အခြား ရောဂါများဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ပါသည်။

(၈) ဘေးအန္တရယ်များ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | - |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | - |
| ၃ | ရေကြီးခြင်း | - |
| ၄ | မိုးခေါင်ခြင်း | - |
| ၅ | အအေးလွန်ကဲခြင်း | - |
| ၆ | မုန်တိုင်း | - |
| ၇ | လျှော်င် | - |
| ၈ | မီးဘေး | - |
| ၉ | ဆားငန်ရေဝင်မြေ | - |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | - |
| ၁၁ | သစ်တောပြုန်းတီးခြင်း | - |
| ၁၂ | ငှက်ဖျားရောဂါ | - |
| ၁၃ | တီဘီရောဂါ | - |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | - |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | - |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | - |
| ၁၇ | လူကုန်ကူးခြင်း | - |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အန္တရာယ်ရှိနိုင်သော ဘေးအန္တရာယ်များ ကျရောက်မှု မရှိပါ။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

**ဇယား(၂၄)   သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ**

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | - | |
| အပင်မျိုးစိတ်များ | - | |
| ရေအရင်းအမြစ် | - | |
| ငါးမျိုးကွဲများ | - | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | - | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ လယ်မြေများသည် မြေဆီမြေသြဇာကောင်းမွန်ပြီး စိုက်ပျိုးရေးနည်းပညာများ အလွယ်တကူရရှိနိုင်သဖြင့် အန္တရာယ်မရှိနိုင်ပါ။ အခြားသဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များလည်း အန္တရာယ်မရှိနိုင်ပါ။ ရေအရင်းအမြစ်အနေဖြင့် ကျေးရွာအတွက် သောက်သုံးရေလုံလောက်မှုရှိပြီး စိုက်ပျိုးရေးအတွက်လည်း ဆည်ရေသောက်ဖြစ်သည့်အတွက် စိုက်ပျိုးရေလုံလောက်မှုရှိပါသည်။**

**(၁၀)   ကျား – မ ရေးရာ**

ဇယား (၂၅) ကျား – မ ရေးရာ

| # | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | *ရှိ*☐ | *မရှိ*☑ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | *ရှိ*☑ | *မရှိ*☐ |

**ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိအမျိုးသမီးများသည် စီမံအုပ်ချုပ်မှုပိုင်းမှာ တက်ကြွစွာ ပါဝင် လုပ်ဆောင်ခြင်းမရှိကြပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပရဟိတအဖွဲ့အစည်းများ၊ ဘာသာရေး အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်လုပ်ဆောင်နေကြသည်ကို တွေ့ရပါသည်။**